စိတ်ကူးချိုချိုအနုပညာ

# လရောင်ပန်းပွင့်

သန်းမြင့်အောင်



ဒုတိယအကြိမ်

mgyoe.com

mgyoe.com

# လရောင်ပန်းပွင့်

သန်းမြင့်အောင်



သည်ပုံက ကုမုဒြာ ကြာပန်းပုံဖြစ်သည်။
ဒါပြီးရင် ကမ်းခြေကပုံကို ဆက်ကူးရမည်။
ထိုပုံတွေထဲမှ ဖိနပ်ကလေးနှစ်ရုံသည်
မိန်းကလေးတစ်ဦးတည်း စီးသည့် ပုံသဏ္ဌာန်
အရွယ်အစား အနေအထားမျိုး မဖြစ်ပါစေနဲ့ မဖြစ်ပါစေနဲ့
ဟု စုထက် ရင်ထဲ အဆီးအတားမဲ့
ဆုတောင်းသံတွေ ထပ်ခါထပ်ပေါ်လို့နေသည်။

nw0033

2000.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိပ်လမ်း၊ ရန်ကင်း။
အပြင်အဆင် ။- အမ်အက်စ်အို
၂၀၁၄၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ ၂၀၀၁ ပြုံးစာပေ၏ ပထမအကြိမ်မှု၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

၈၀၈ . ၈၃

လရောင်ပန်းပွင့်
သန်းမြင့်အောင် - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၄၊
စာမျက်နှာ ၂၁၈၊ မျက်နှာ၊ ၁၂ . ၅ စင်တီ× ၁၈ . ၅ စင်တီ
(၁) လရောင်ပန်းပွင့်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လရောင်ပန်းပွင့်

လုံးချင်းဝတ္ထု

## သန်းမြင့်အောင်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

.mgyoe.com

ပိုင်ရှင်ထံမှ ခွင့်ပြုချက်မယူဘဲ ခိုးရိုက်ခဲ့တဲ့ ဓာတ်ပုံ တစ်ပုံအတွက် သင့်တင်တဲ့လျှော်ကြေးတစ်ခုကိုတော့ သူမ ထံမှ 'ရဲထွဋ်ခေါင်' ပြန်လည်ရယူမှ ဖြစ်ပေတော့မည်။

တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့ကမှ 'ပန်းသမုဒ္ဒရာ' ဓာတ်ပုံပြပွဲကို ရောက်ခဲ့ခြင်းက ရဲထွဋ်ခေါင်ရဲ့ ဘဝအဆစ် အပိုင်းတစ်ခုကို ရင်ဆိုင်ရခြင်း နိဒါန်းဆိုတာ သူကိုယ် တိုင်လည်း မထင်မှတ်ခဲ့ပါ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အပျော်တမ်းဝါသနာရှင်များရဲ့ ပန်းအလှဓာတ်ပုံ ပြပွဲခန်းမအတွင်း ရှိ လူအများ စိတ်ဝင်စားရာနေရာကတော့ 'လရိပ်နဲ့ ကုမုဒြာ' အမည်ရှိ ကုမုဒြာကြာတစ်ပွင့်ဆီမှာပဲ ဖြစ်သည်။

ပန်းအလှဓာတ်ပုံပြပွဲတွင် ပန်းအမျိုးပေါင်းက စုံလှသည်။ သစ်ခွ အမျိုးအစားကပင် နည်းနည်းနောနောမဟုတ်။ ပုံသဏ္ဌာန် အမျိုးမျိုး၊ အသွင်အမျိုးမျိုးနှင့် အခြားသော နှင်းဆီ၊ စံပယ်၊ ဂန္ဓမာ၊ အက်စသာ၊ ဒေလီယာစသည်နှင့် အခြားပန်းအမျိုးအစားတွေလည်း ပါသေးသည်။ ထိုပန်းအမျိုးပေါင်းများစွာမှာမှ ထူးထူးခြားခြား တစ်ပုံတည်းသာ ပါဝင် ပြီး ကင်မရာ အယူအဆရော ဆေးသားပါ ပြောစရာမရှိလောက်အောင် ကောင်းမွန်သည့်အတွက် ပြပွဲလာပရိသတ်အများကို ညို့ငင်ဖမ်းစား နိုင်သော ပုံကတော့ ''လရိပ်နဲ့ ကုမုဒြာ''ပင်။

''ကုမုဒြာကြာဆိုတာ သိပ်ရှားတာ၊ နေရာတိုင်းမှာ မတွေ့နိုင်ဘူး''

''သူက လရောင်နဲ့တွေ့မှ ပွင့်တာ''

''တကယ်တော့ သူ့ရဲ့ ပွင့်ဖတ် ပွင့်ချပ်တွေရော အရောင်အသွေး ရောက ထူးထူးခြားခြားကြီး လှနေတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ တွေ့ရခဲတဲ့ အနေအထားရယ်၊ နေ့အခါမှာ မပွင့်ဘဲ ညဘက် လရောင် အောက်မှာမှ အစွမ်းကုန် ပွင့်တာမို့ ဆန်းကြယ်တဲ့ ဂုဏ်ဒြပ်ရယ်ကြောင့်

mgyoe.com

mgyoe.com

အဖိုးထိုက်နေတာပေါ့၊ အဲဒီပန်းကို လရောင်အောက်မှာ အမိအရ ရိုက်ထားနိုင်တဲ့ ဓာတ်ပုံဆရာ တော်လိုက်တာ''

''ကြည့်စမ်းပါဦး လရောင်တွေ ဖြာကျနေတာရော၊ လကို မျှော်ပြီး အစွမ်းကုန်ပွင့်နေတဲ့ ဆွတ်ဆွတ်ဖြူနေတဲ့ ကုမုဒြာကြာရော၊ ညရော၊ လရော၊ ကြာပန်းရဲ့ လှပမှုရော အားလုံးပေါ်လွင်အောင် ရိုက်နိုင်တဲ့ ကင်မရာ အယူအဆဟာ အတော်လက်ရာမြောက်တာပဲ''

''အဲဒီပုံကလေး ဝယ်ချင်လိုက်တာ''

''not for sale" တဲ့''

''အိမ်က ကင်မရာယူလာပြီး အဲဒီပုံကို ပြန်ရိုက်ထားရင် ကောင်းမယ်''

ဓာတ်ပုံရှေ့မှာ ရပ်ကြည့်မိသူတိုင်း မှတ်ချက်အမျိုးမျိုး ချသွားပြီး ငေးမောရပ်တန့်ကြည့်မိကြတဲ့ ပြပွဲလာ ပရိသတ်တွေ ကုမုဒြာကြာတစ်ပွင့်ကို စိတ်ဝင်စားနေချိန်မှာ 'ရဲထွင့်ခေါင်'ကတော့ ပြပွဲရှိရာခန်းမအပေါ်ထပ်ကို တက်လာတဲ့ လှေကားထစ်များပေါ်မှာ ရှိနေဆဲပါ၊ လှေကားအချိုးအကွေ့ တစ်ခုအရောက်မှာတော့...

''ဟေး... ကိုရဲ''

အဆင်းအတက် ဘေးချင်းယှဉ်၍ ကျော်ဖြတ်အံ့ဆဲဆဲ မိန်းကလေးတစ်ယောက်ရဲ့ အသံကြောင့် ရဲထင့်ခေါင် ခြေလှမ်းတန့်သွားသည်။

''ဟင်... ဖြိုးပါလား၊ ပြပွဲလာကြည့်တာလား။ နှယ်ရော မပါဘူးလား''

''မပါဘူး ကိုရဲရေ၊ ဖြိုးက သူငယ်ချင်းနဲ့ ရုံးက လက်ဖက်ရည်သောက်ဆင်းရင်း အချိန်ရတာနဲ့ ဝင်လာတာ၊ ကိုရဲရဲ့နှယ်က ရုံးမှာ ကျန်ခဲ့တယ်။ တကယ်လို့သာ ခုလို ကိုရဲနဲ့ ဆုံမယ်မှန်းသိရင် သူလည်း လက်ဖက်ရည်လိုက်သောက်မှာ''

mgyoe.com

mgyoe.com

"ဟာဗျာ... ဖြိုးကလဲ"

"ဘာဟာဗျာလဲ၊ သူတို့အကြောင်း ဖြိုး မသိဘူးများ မှတ်နေလား"

"ဟောဗျာ၊ ကျွန်တော်နဲ့နွယ့်အကြောင်းက နဂိုကတည်းက ဖြိုးသိပြီးသားပဲ ဥစ္စာ၊ ဘာများထူးပြီး သိစရာ ရှိသေးလို့လဲ"

"လရောင်ဆန်းမှ ပွင့်လန်းသွားတဲ့ ကုမုဒြာညကလေး တစ်ညအကြောင်း"

ဖြိုးစကားကြောင့် ရဲထင်ခေါင် မျက်နှာ ရှိန်းခနဲ ဖြစ်သွားသည်။

"ဖြိုးကလဲဗျာ ဘာတွေပြောနေမှန်း မသိဘူး။ ဖြိုးစကားကိုကျွန်တော် ဘယ်လိုအဓိပ္ပာယ်ကောက်ရမှာလဲ"

"ဟင်း... ဟင်း... ကိုရဲနော် ဖြိုးနဲ့ နွယ်ဟာ အချစ်ဆုံး သူငယ်ချင်းတွေဆိုတာ မေ့နေပြီလား၊ ကဲပါလေ ကိုရဲကြီး ရှက်မနေပါနဲ့ဖြိုးသွားတော့မယ်၊ အပေါ်က ဓာတ်ပုံပြခန်းရဲ့ ညာဖက်ထောင့်မှာပထမရထားတဲ့ 'လရိပ်နဲ့ ကုမုဒြာ'ဆိုတဲ့ ပုံကို သွားကြည့်လိုက်စမ်းပါ။ကိုရဲ အိပ်မက်လှလှလေးတွေ ပြန်မက်သွားစေရမယ် သိလား"

ဖြိုးက ပြောပြောဆိုဆို လှေကားအတိုင်း ဆက်ဆင်းသွားတော့ဖြိုးဘေးက သူငယ်ချင်းမကလေးကလည်း ယောင်ချာချာနှင့် ရဲထွန်းခေါင်မျက်နှာကို အားနာပါးနာကြည့်ရင်း လိုက်အသွားမှာ ရဲထွန်းခေါင်စိတ်ထဲက...

"ဟင်း... တော်တော် ပါးစပ်ရဲတဲ့ ဖြိုးပဲ၊ နွယ့်သူငယ်ချင်းသာဖြစ်နေတယ် နွယ်နဲ့ တခြားစီပဲ"ဟု မှတ်ချက်ချကာ အပေါ်သို့ဆက်တက်လာခဲ့သည်။

အပေါ်ရောက်ရောက်ခြင်း ပြပွဲဓာတ်ပုံတွေ ခင်းကျင်းပြသထားသည့်နေရာတွင် ရဲထွန်းခေါင်နှင့် ထိပ်တိုက်တိုးသည့် ဓာတ်ပုံတစ်ပုံက'ရွှေရည်ပိတောက်' အမည်ရှိ ပိတောက်တစ်ခက်တည်းကို သေသေ

mgyoe.com

mgyoe.com
သပ်သပ် ရိုက်ပြထားသည့် ဓာတ်ပုံဖြစ်သည်။ အဆုပ်လိုက်၊ အခဲလိုက်၊ အပြွတ်လိုက် ပွင့်နေသည့် ပုံမဟုတ်၊ ဖလားထဲ ထိုးစိုက်ထားသည့် ပိတောက်တွေ အများကြီးလည်း မဟုတ်ဘဲ ရွှေအိုရောင်အသွေးနှင့် လှလှပပလေး စီခြယ်ပွင့်နေသည့် ပိတောက်ပန်းကလေးတစ်ခက်၏ သွယ်နွဲ့လှပနေပုံကို မြင်ရသည်မှာ ရင်ထဲ ကြည်နူးစရာကောင်းသွား၍ သူ ခဏရပ်ကြည့်နေမိသည်။ ဓာတ်ပုံ၏ထိပ်တွင် တံဆိပ်ပိုင်းတစ်ခုနှင့် 'ပြိုင်ပွဲ ဒုတိယ'ဟု ကပ်ထားသည်။ ဓာတ်ပုံ၏ အောက်ခြေ ညာဖက်ထောင့်တွင် ဓာတ်ပုံဆရာအမည် 'ကောင်းဆက်'ဟု တပ်ထားတာကို ပါ သူအမှတ်တရ ကြည့်ခဲ့မိသည်။ ပြီးတော့ ဖြိုး ပြောသွားသည့် ပြပွဲ၏ ညာဖက်ထောင့်မှ ပထမရထားသည့် 'လရိပ်နဲ့ ကုမုဒြာ' ဆိုသည့် ပုံရှိရာသို့ အခြားပုံတွေကို ကျော်ဖြတ်ရင်း သူ ရောက်လာခဲ့သည်။

"လရိပ်နဲ့ ကုမုဒြာ"

ဓာတ်ပုံရှေ့တွင် ရပ်လိုက်သည်နှင့် ရဲထွဋ်ခေါင် ရင်ထဲ ဒိုင်းခနဲ ဖြစ်သွားသည်။ တိုက်တိုက်ဆိုင်ဆိုင်...။

အဲသည် ည...

အဲသည် လ...

အဲသည် ပန်းတစ်ပွင့်...

အဲသည်ညက အဖြစ်သနစ်တွေ၊ အိုး...မဟုတ်နိုင်ဘူး ထင်တယ်။ ဒီလောက်တော့ တိုက်ဆိုင်စရာအကြောင်း မရှိပါဘူး. . .

ရဲထွဋ်ခေါင်ရင်ထဲ တုံတုံယင်ယင် ဖြစ်လာသည်။ အဲသည်ညက နှယ်နဲ့ သူ့ရဲ့အဖြစ်တွေ...။ ပြီးတော့ အခုဓာတ်ပုံထဲမှာ တွေ့နေရသည့် ကုမုဒြာကြာပန်း၊ အခြားတစ်နေရာက ပန်းဆိုလျှင် သူ သည်လောက် ရင်ခုန်စရာမရှိ။ သည်ပန်းတစ်ပွင့် သူ့ဝရံတာက ပန်းအိုးထဲမှ ပွင့်တဲ့

mgyoe.com

mgyoe.com

အချိန် သူနှင့်နွယ် သူ့အခန်းကလေးထဲမှာ ရှိခဲ့ကြသည်။ သည်ပန်းဟာ သူ့ပန်းအစစ်။ ကြည့်စမ်းပါဦး ဘာကြောင့်များ သည်ဓာတ်ပုံပြခန်းထဲကို ရောက်နေရပါလိမ့်။

ဖြစ်နိုင်ပါ့မလား၊ ဒါဟာ တကယ်ပဲလား၊ အိပ်မက်လား ဟုတ်နေပါပြီလေ... ဒါဟာ သူ့ကိုယ်ပိုင် ကုမုဒြာအစစ်ပါ။

သူ ဓာတ်ပုံကို ပိုမိုသေချာသွားအောင် စူးစူးစိုက်စိုက် ထပ်ကြည့်နေမိရင်း သူ့ရင်ထဲမှာ အံ့ဩစိတ်နှင့်အတူ ဒေါသတရားများ ရောယှက်ရှုပ်ထွေးလာခဲ့သည်။

"ဟုတ်ပါတယ်၊ ဒီပန်းဟာ ငါကိုယ်တိုင် စိုက်ထားတဲ့ ပန်းအစစ်ပါ၊ ကြည့်စမ်းပါဦး ဓာတ်ပုံထဲမှာ ပန်းအိုးနှုတ်ခမ်းက စဥ့်ရေကလေး ခဲနေတာတောင် ပါလိုက်သေးတယ်။ ပန်းအိုးတင်တဲ့ ဝရံတာက အုတ်ခုံကလေးရော၊ နောက်က ငါ့အခန်းရဲ့ နံရံ၊ ကြည့်စမ်း ရဲတင်းလိုက်တဲ့ ဓာတ်ပုံသမား၊ ငါမသိဘဲ ငါ့ရဲ့ခွင့်ပြုချက် မတောင်းဘဲ ငါပိုင်ပစ္စည်းကို ခိုးရိုက်တဲ့ ဓာတ်ပုံသမား တွေ့ကြရောပေါ့၊ သူ့ကို ငါဘာလုပ်ရမလဲ၊ တရားစွဲရင် ကောင်းမလား"

ဓာတ်ပုံအောက်ခြေမှာရှိတဲ့ ဓာတ်ပုံဆရာရဲ့ နာမည်ကို ကြည့်လိုက်တော့ သူ အံ့ဩသွားပြန်သည်။

"စုစုထက် (အပျော်တမ်း ဝါသနာရှင်)"

ဆိုပါလား၊ မိန်းကလေးတစ်ယောက်ပေါ့။ မိန်းကလေးတန်မဲ့ ညအချိန်မတော်မှာ သူ့ဝရံတာပေါ်က ပန်းအိုးကို ဓာတ်ပုံခိုးရိုက်ရသတဲ့လား။ ဘာပဲဖြစ်ဖြစ် ဒါဟာ ခွင့်လွှတ်ထိုက်တဲ့ ကိစ္စတစ်ခုမဟုတ်။

'ရဲထွဋ်ခေါင်'ရဲ့ ဘဝမှာ ဘယ်တုန်းကမှ သူများအနိုင်ကျင့်တာ၊ အသုံးချတာ ခံခဲ့ရဖူးရိုး ထုံးစံမရှိ။

တွေ့ကြသေးတာပေါ့ 'စုစုထက်'ရယ်။

mgyoe.com

mgyoe.com

**မင်းဆီက အလျော်အစားတစ်ခုခု မရဘဲ ငါကျေနပ်နိုင်မှာ မဟုတ်ဘူးဆိုတာ မင်း သိစေရမယ်။**

သူ့ရန်ဘက်ဟာ ယောကျ်ားလေးတစ်ယောက်သာ ဆိုလျှင်တော့ သည်နေရာမှာတင် တုံ့ပြန်ဖြစ်ပြီး ပွဲပြီးသွားမှာ သေချာသည်။ ခုတော့ မိန်းကလေးတစ်ယောက် ဖြစ်နေသည့်အတွက် သူ့ဘက်က လိမ္မာပါးနပ်ဖို့ လိုအပ်သည်။ သို့မဟုတ်ပါက နိုင်ငံခြေရှိပါလျှက်နှင့် အရှုံးနဲ့ ရင်ဆိုင်ရသွားနိုင်သည်။

သူပြပွဲတာဝန်ခံရှိရာ ထွက်လာခဲ့သည်။ ပြပွဲတာဝန်ခံက သူ့ကို တလေးတစား ဆီးကြိုသည်။ သူက မဆိုင်းမတွပင်။

"ကျွန်တော် ပထမရထားတဲ့ "လရိပ်နဲ့ ကုမုဒြာ'ပုံကို ပယ်ချင်လို့ပါ"

ဆိုတော့...

"သည်ပုံကို ပိုင်ရှင်က ရောင်းခွင့်မပြုပါဘူး ခင်ဗျာ။ 'ရောင်းရန်မဟုတ်'လို့ စာကပ်ထားတာ ညီလေးလည်း တွေ့မှာပါ"

"တွေ့ပါတယ်၊ ကျွန်တော် လိုချင်လွန်းလို့ နောင်ကြီးကိုလာပြီး request လုပ်တာပေါ့။ ဈေးဘယ်လောက်မြင့်မြင့် ကျွန်တော် လိုက်နိုင်ပါတယ်"

"ဝမ်းနည်းပါတယ် ညီလေးရယ်၊ ညီလေးလိုပဲ လိုချင်တဲ့သူတွေ အများကြီးပါ၊ ဒါပေမဲ့ အဲဒီမိန်းကလေးက ရောင်းဖို့ကို သဘောမတူဘူး။ သူက တစ်မျိုးပဲ ညီလေးရ၊ တချို့ပုံတွေဆိုရင် ပြပွဲတင်တဲ့ပုံလည်း ရောင်းတယ်၊ အဲဒီပုံတွေရဲ့ P.C လေးတွေလည်း ရောင်းတယ်၊ ရောင်းအားလည်း ကောင်းနေတာပဲ။ သူ့ကျတော့ P.C လည်း ကူးမရောင်းဘူးဗျာ၊ ခက်တာပဲ၊ သူ့ပြိုင်ပွဲပုံက သူများ သွားရည်ကျဖို့ သက်သက် ဖြစ်နေတယ်"

mgyoe.com

"အဲဒါလဲ စတိုင်တစ်မျိုး ထင်ပါရဲ့၊ သက်သက်များ ထွင်နေသလား မသိဘူးနော်"

"ဒီလိုလဲ ဟုတ်ပုံမရပါဘူး ညီရာ၊ သူ့ ပုံသဏ္ဍာန်ကိုက အေးအေးဆေးဆေးနေတတ်ပြီး စီးပွားရေးလည်း ဆန်ပုံမရဘူး အပျော်တမ်း ဝါသနာရှင်သက်သက်ပါ"

"ကျွန်တော် အဲဒီပိုင်ရှင် မိန်းကလေးနဲ့တွေ့ပြီး request လုပ်ချင်တယ် အစ်ကိုရယ်၊ သူ့ကို ဘယ်အချိန်တွေ့နိုင်မလဲ"

"အဲဒါလဲ ပြောမရဘူးညီလေးရဲ့၊ ပြပွဲလုပ်မှ တစ်ခါပဲလာသေးတယ်၊ နောက်ရက်တွေ မလာတော့ဘူး၊ သူက ကျောင်းသူတစ်ဦးပဲ"

"ဒါဆိုရင် သူ့လိပ်စာလေး အစ်ကိုတို့ဆီမှာရှိရင် ကျွန်တော့်ကို တစ်ဆိတ်လောက် ကူညီပါ"

"သူနေတဲ့လိပ်စာတော့ ပေးမထားဘူး ညီလေးရဲ့၊ သူ့ကို ဆက်သွယ်ဖို့ ပေးထားတဲ့ လိပ်စာကတော့ 'ဝတ်မှုံ' ဓာတ်ပုံတိုက်လိပ်စာပဲ၊ ညီလေး အဲဒီမှာသွားမေးကြည့်ရင်တော့ သိနိုင်ပါလိမ့်မယ်"

ပြပွဲတာဝန်ခံက သူ့ကို ဝတ်မှုံဓာတ်ပုံတိုက်၏ လိပ်စာကတ်ကလေးကို ထုတ်ပြသဖြင့် သူ့ဒိုင်ယာရီစာအုပ်ငယ်ကလေးတွင် လိပ်စာနှင့် ဖုန်းနံပါတ်ကို ကူးယူလိုက်သည်။

ပြပွဲတာဝန်ခံက ရောင်းရပြီး ဓာတ်ပုံများတွင် အမှတ်အသားကပ်ရန် ရွှေရောင်စက္ကူစကလေးများကို တြိဂံပုံငယ်ကလေးများ ညှပ်နေရင်းမှ သူ့ကို...

"ညီလေး တခြားပုံတွေကိုရော စိတ်မဝင်စားဘူးလား၊ အခြားရောင်းမဲ့ပုံတွေ အများကြီးပါ၊ ဈေးနှုန်းတွေလည်း ကပ်ထားပါတယ်"

သူ ခဏတွေဝေနေလိုက်ပြီး...

mgyoe.com

mgyoe.com

“ကျွန်တော် ပုံတွေအားလုံးကိုတော့ မကြည့်ရသေးဘူး၊ ဒါပေမဲ့ ပြိုင်ပွဲ ဒုတိယ ရထားတဲ့ ‘ရွှေရည်ပိတောက်’ ကို စိတ်ဝင်စားတယ်”

“ဟုတ်တယ် ညီလေး၊ အဲဒီပုံကလေးကလည်း တော်တော်ကောင်းတယ်၊ လူကြိုက်လည်း များတယ်၊ ဒါပေမဲ့ ခုချိန်ထိတော့ မရောင်းရသေးဘူး”

“ဒါဆို ကျွန်တော် အဲဒီပုံကို ဝယ်မယ်”

“ကျေးဇူးပဲ ညီလေးရေ၊ ပုံကတော့ ပြပွဲပြီးမှ လာယူလို့ ရမှာနော်၊ ငွေကတော့ ကြိုတင်ချေထားရပါတယ်”

ပြပွဲတာဝန်ခံနှင့် သူမမျှော်လင့်ဘဲ ဓာတ်ပုံတစ်ပုံ အရောင်းအဝယ်ဖြစ်သွားကြသည်။ ပြပွဲတာဝန်ခံက လူတစ်ယောက်ကို လှမ်းခေါ်၍ တြိဂံပုံရွှေရောင် စက္ကူစလေးတစ်စကို လှမ်းပေးရင် ပြောလိုက်သည်။

“ရွှေရည်ပိတောက်မှာ သွားကပ်ထားလိုက်”

*

mgyoe.com

mgyoe.com

“ညည်းကို လူတစ်ယောက်လာမေးတယ် စုထက်”

ဝတ်မှုံသို့ ရောက်သည်နှင့် ၂၄လက်မ ရောင်စုံဓာတ်ပုံတစ်ပုံကို finishing လိုက်နေသော ကိုဘုန်းမြင့်က ဆီးပြောသည်။

“ဟုတ်လား စုထက် အသိထဲကလား၊ ဘယ်သူလဲ မသိဘူး”

“မသိဘူး ဒီကိုတော့ တစ်ခါမှမလာဖူးဘူး၊ ဘာမှာခဲ့မလဲဆိုတော့ မမှာတော့ဘူးတဲ့ ညည်းနဲ့တွေ့ချင်လို့ နောက်တစ်ခါ ထပ်လာခဲ့မယ်လို့ ပြောတယ်”

“နာမည်ရော ပြောမသွားဘူးလား”

“ပြောမသွားဘူး၊ ငါလည်း မေးထားလိုက်ဖို့ မေ့သွားတယ်”

“မေးထားလိုက်ရောပေါ့ ဦးဘုန်းရာ၊ ပုံစံက ဘယ်လိုမျိုးလဲဟင်၊ စုထက်တို့ကျောင်းက ကောင်တွေ မဟုတ်ဘူးလား”

“မဟုတ်ပါဘူး အေ၊ ညည်းတို့ကျောင်းက ဘော်ဒါတွေ ငါ မြင်ဖူးသားပဲ၊ နောက်ပြီး ညည်းတို့သူငယ်ချင်းတွေ အရွယ်မဟုတ်ပါဘူး။ သူက ညည်းတို့ထက် အသက်နည်းနည်းကြီးတယ်။ ဒါပေမဲ့ ရုပ်က အတော်ဖြောင့်တယ်၊ အရပ်မြင့်မြင့်နဲ့ ရုပ်ရှင်မင်းသားနေအောင် လို စတိုင်လ်မျိုး”

mgyoe.com

mgyoe.com

သူမ ခေတ္တတွေးပြီး စဉ်းစားနေလိုက်သည်။ သူမ အသိအကျွမ်းထဲမှာ အဲဒီပုံစံမျိုးမရှိ၊ ဘယ်သူများပါလိမ့်။

"စုထက်ကို မေးတာမှ ဟုတ်ရဲ့လား"

"ဟုတ်ပါ့ဗျာ၊ ခင်ဗျားကို မေးတာပါ။ အပျော်တမ်း ဓာတ်ပုံဝါသနာရှင် မစုစုထက်တဲ့၊ ဒီဆိုင်မှာမေးပြီး ဆက်သွယ်ရင်ရတယ်ဆိုလို့ တွေ့ချင်လို့ပါတဲ့ ဗျာ"

"သူက စုထက်ကို ဘာကိစ္စနဲ့ တွေ့ချင်တာလဲ မသိဘူး နော်"

"အဲဒါတော့ ကျုပ်လည်း မပြောတတ်ဘူး၊ ညည်းနဲ့တွေ့မှဖြစ်မှာမို့ နောက်မှ ပြန်လာခဲ့ပါမယ်လို့ပဲ ပြောသွားတယ်"

"ဘယ်သူလဲ မသိဘူး၊ သိချင်လိုက်တာ"

ကလေးတစ်ယောက်လို ပွင့်လင်းပြီး ချစ်စရာကောင်းသော သူ့ကို ကိုဘုန်းမြင့်က ဓာတ်ပုံကိုမဲပြီး finishing လိုက်နေရာမှ တစ်ချက်မျက်လုံး လှန်ကြည့်ရင်း...

"ညည်းကလည်း ကင်မရာတစ်လုံးနဲ့ လိုက်ပေနေတာပဲ၊ အခုရော ဘယ်ကတေပေပြီး ပြန်လာတာတုန်း"

"သံလျင်သွားတာ ဦးဘုန်းရဲ့၊ ကျောင်းက သူငယ်ချင်းအုပ်စုနဲ့ သံလျင်က ဘုရားတွေ ဓာတ်ပုံလျှောက်ရိုက်ပြီး ပြန်လာတာ၊ ဟူး... မောလိုက်တာ အရမ်းပဲ"

"ညည်းမလဲ မိန်းကလေးမို့ တော်တော့တယ်၊ ယောကျ်ားလေးသာဆို ဖမ်းလို့တောင် မိမှာမဟုတ်ဘူး"

ဂျင်းရှပ်အင်္ကျီအပြာရောင်၊ ထဘီနက်ပြာအပွင့်နုတ် ခပ်တိုတို၊ ဆံပင်ပျော့ခွေခွေများက ကျောမှာ ကပိုကယို၊ မျက်နှာ ပြောင်ပြောင်နှင့် ပါးလှပ်လှပ်ကောင်မလေးကို ကြည့်ပြီး ကိုဘုန်းမြင့်က တစ်ဆက်တည်း...

mgyoe.com

mgyout.com

"ဓာတ်ပုံပြပွဲမှာ ညည်းပုံ အတော်နာမည်ကြီးနေတာရော ကြားပြီးပလား"

"ဟုတ်လား"

"ခဏခဏ လာတောင်းဝယ်နေကြလို့ ငြင်းငြင်းလွှတ်နေရသတဲ့။ အဲဒါ ပြပွဲတာဝန်ခံက ဖုန်းဆက်တယ်။ ပုံကြီးမရောင်းရင်လည်း ပို့စကဒ်ဆိုက် (P.C) ကလေးတွေတော့ ကူးပြီး ရောင်းစေချင်တယ်တဲ့ အခြားပုံတွေက P.C တွေ အကုန်ရောင်းတယ်၊ ညည်းပုံပဲ မရှိတာတဲ့၊ အဲဒါ နေ့တိုင်းလိုလို ဖုန်းဆက်မေးနေတယ်၊ ငါကလည်း ညည်းနဲ့ မတွေ့သေးတော့ ကူးမပေးရဲဘူး။ အဲဒါ ဘယ်လိုလုပ်မလဲ၊ ကူးပေးလိုက်ရမှာလား"

"ဟာ… မကူးနဲ့ ဦးဘုန်း မကူးနဲ့။ အဲဒီပုံကို စုထက် လုံးဝရောင်းစားဖို့ စိတ်မကူးဘူး၊ ချစ်စရာကောင်းလွန်းလို့ တကူးတကတန်ဖိုးထားပြီး ခဲရာခဲဆစ် ရိုက်ထားရတဲ့ ပန်းကလေးကို ပိုက်ဆံနဲ့ မလဲနိုင်ပါဘူးနော်"

"အဲဒါတော့ ညည်းသဘောပဲ၊ ညည်းကလည်း ကုမုဒြာကြာနဲ့ တွဲပြီး နာမည်ကြီးနေပြီ"

"အမယ် နာမည်ကြီးချင်လို့ မဟုတ်ပါဘူးနော်၊ ဝါသနာ အရမနေနိုင်လို့ ရိုက်လိုက်မိတာ၊ ဒါနဲ့ ဦးဘုန်းရေ… မဆွေလည်း မတွေ့ပါလား၊ ဘယ်သွားလဲ"

"ရှိပါတယ် လူရှင်းတုန်းအထဲမှာ ရေဝင်ချိုးနေတယ် ထင်ပါရဲ့။ ဝင်သွားလေ ညည်း ထမင်းရော စားပြီးပလား။ မစားရသေးရင် တစ်ခါတည်း စားသွား"

"ဟုတ်"

ကင်မရာရော ဖလက်(ရှ)ဂန်းရော အခြားအသုံးအဆောင်တွေပါ စုပေါင်းထည့်ထားသော ဂျင်းကျောပိုးအိတ်ကို လက်ကိုင်မှဆွဲ၍

mgyout.com

အထဲကို ကတိုက်ကရိုက် ဝင်လာခဲ့တော့ ရေမိုးချိုးပြီးစ သနပ်ခါး အဖွေးသားနှင့် သူ့သူငယ်ချင်း ဆွေဆွေအေးကို တွေ့လိုက်ရသည်။ ထုံးစံအတိုင်း ဆွေဆွေအေးက ပါးဖောင်းဖောင်းပေါ်မှ ပါးချိုင့်နှစ်ဖက် ခွက်ဝင်သွားအောင် ပြုံးရင်း သူ့ကျောပိုးအိတ်ကို လှမ်းယူပြီး စားပွဲ တစ်လုံးပေါ် တင်လိုက်သည်။ သူက ရှင်းသန့်ပြီး ရင်အေးစရာကောင်း သော သူငယ်ချင်းကို ကြည့်ကာ အစီအစဉ်မကျသော စကားတွေနှင့် ရင်ထဲမှာ ရှိသည့်အတိုင်း နှုတ်ဆက်လိုက်သည်။

"အမယ် တယ်လှနေပါလား၊ သနပ်ခါးတွေ အဖွေးသားနဲ့။ ငါ သန်လျင်သွားတာဟာ ဘုရားတွေအစုံပဲ၊ နင့်ကို သတိရလိုက်တာ"

"တော်ပါ ခုမှ လာချွဲမနေပါနဲ့။ ဖလင်ဘယ်နှစ်လိပ် ရိုက်ခဲ့လဲ၊ ကူးပေးပါ့မယ် ထားခဲ့ပါ။ အမိက ကျူပ်ဆီ အလုပ်ရှိမှ လာတာများ ကျုပ်က သိသိကြီးနဲ့ မျှော်နေရတာပါနော်"

"အဟဲ... မဆွေကလဲ"

"ဘာ အဟဲလည်း ဟင်း... ရုပ်ကိုက"

သူက ကလေးတစ်ယောက်လို မဆွေခါးကိုဖက်ပြီး မဆွေ၏ သနပ်ခါးနံ့သင်းသော ပါးပြင်ကလေးကို ရွှတ်ခနဲ နမ်းလိုက်ရင်း...

"အမလေး အမောကိုပြေသွားတာပဲ၊ ဒီမှာဖြင့် တစ်နေ့လုံး ချွေးတလုံးလုံး ဖုံတသောသောနဲ့ အိုက်စပ်ပူလောင်လာတာ မဆွေနဲ့ တွေ့မှပဲ လန်းဆန်းသွားတော့တယ်"

ဘယ်တော့မှ သနပ်ခါးလိမ်းလေ့ မရှိသော်လည်း နဂိုအသား က ဝါပြီး ဝင်းပြောင်နေသော နှာတံချွန်ချွန်၊ မျက်နှာ သွယ်သွယ်၊ မျက်လုံး ဝိုင်းဝိုင်းကလေးနှင့် ပျော့နွဲ့သော ဆံပင်များ ကျောလယ်မှာ ကပိုကယိုကျနေကာ ချစ်စရာကောင်းသော သူငယ်ချင်းကို မဆွေက တွန်းဖယ်လိုက်ရင်း လူကြီးတစ်ယောက်လို...

mgyoe.com

''ကဲပါ ထမင်းစားရအောင်၊ မဆွေလည်း မစားရသေးဘူး။ ဒီမှာ ထမင်းပြင်နေတုန်း ရေသွားချိုးလိုက်ပါလား၊ မဆွေ အခန်းထဲမှာ အဆင်ပြေတာ ယူဝတ်လိုက် သွား''

''ဟင်အင်း… မချိုးတော့ဘူး၊ ခြေလက်ပဲ ဆေးတော့မယ် အိမ်ကျမှချိုးမယ်''

''ညစ်ပတ်အိုးမ''

မဆွေက သူ့ကို ချစ်စနိုးပြောရင်းနှင့် နောက်ဖေး ထမင်းစားခန်းကို လှမ်းပြီး…

''မငွေးရေ အစ်မနဲ့ စုထက်အတွက် နှစ်ယောက်စာ ထမင်းပြင်ပေးပါဦး''ဟု လှမ်းပြောလိုက်သည်။

*

mgyoe.com

mg.yoe.com

ထမင်းဝိုင်း ထိုင်မိကြတော့ မဆွေက...

"ပြောစမ်းပါဦး သံလျင်သွားတာ တော်တော်မှ ပျော်ခဲ့ကြရဲ့လား"

ဆိုတော့ စုထက်က ထမင်းတစ်လုပ်ကို ပလုပ်ပလောင်း စားနေရာက လက်ကာပြပြီး ခဏနေမှ...

"နင်ကလဲဟာ အဲဒီလို မနာလိုသံကြီးနဲ့ မမေးစမ်းပါနဲ့။ အစတုန်းကဆို စုထက် ဘယ်သွားသွား မဆွေကို ခေါ်တာပဲဟာ၊ မဆွေဟာ မဆွေ စီးပွားရေး သောင်းကျန်းပြီး တစ်ခါမှလည်း သူများနဲ့ လိုက်မလာဘဲနဲ့"

"စီးပွားရေးသောင်းကျန်းတာ မဟုတ်ဘူးဟဲ့။ ငါအပြင်ထွက်ရင် ဒီမှာ ဦးဘုန်းကို ဘယ်သူကူမလဲ၊ အလုပ်တွေကလည်း တစ်နေ့တစ်ခြား များလာ၊ ဆိုင်မှာက ရိုက်တဲ့လူ၊ အပြင်ကို အောက်ဒိုးလိုက်ရတဲ့လူနဲ့ ကူးတဲ့လူတွေက လိပ်ပတ်ကို မလည်နိုင်ဘူး၊ ငါတောင် တစ်နေ့တစ်နေ့ ကောင်တာထိုင်ရတာနဲ့တင် မူးနောက်နေတာပဲ၊ အင်ဒိုးတွေကလည်း တအားများတာပဲ၊ ရိုက်မယ့်လူလာရင် အထဲမှာ ဝင်ကူရ တစ်ခါ အပြင်ပြန်ထွက်ပြီး ဘောက်ချာဖွင့်ရ၊ ငွေရှင်းရ၊ ဒါတောင် တစ်ခါတစ်ခါ ရက်ချိန်းမမှန်လို့ ပြဿနာရှင်းရသေးတယ်"

mgyoe.com

"ဦးနဲ့ ဒေါ်ဒေါ်နဲ့က လုံးဝ မဝင်တော့ဘူးလား"

"ဖေဖေနဲ့ မေမေက တိုင်ယယ်တည်းက တောက်လျှောက်လုပ်လာတာဆိုတော့ ငြီးငွေ့နေပြီပေါ့ဟာ၊ ဒါပေမဲ့ စိတ်ကတော့ မလျော့ဘူး။ နောက်ပြီး နှစ်ယောက်စလုံး ကျန်းမာရေးကလည်း မကောင်းကြတော့ဘူးလေ။ အဲဒီတော့ အိမ်မှာပဲ နားနားနေနေ ထားလိုက်တော့တယ်။ ဆိုင်ခေါ်လာရင် ဝင်ပြီး အပင်ပန်းခံနေကြဦးမှာ သေချာတယ်။ အတင်းကို နားခိုင်းထားရတာ၊ ဒီမှာ ဦးဘုန်းနဲ့ငါနဲ့ အလုပ်သမားတွေနဲ့ အလျဉ်မီရင် ပြီးတာပဲဟာ"

"အလျဉ်ကော မီတယ် မဟုတ်လား"

"မဆိုးပါဘူး၊ အခု နယ်က အဖေ့အမျိုးကောင်လေး နှစ်ယောက်ထပ်ရောက်လာပြီး ဓာတ်ပုံပညာ လာသင်နေတော့ တချို့ကိစ္စတွေ နည်းနည်း လူခွဲရတာပေါ့။ ဥပမာ ဓာတ်ပုံရိုက်တဲ့အခါ ဝင်ပြီး မီးပြင်ပေးတာတို့၊ ပတ်(စ)ပို့ ပုံတွေ အချောထွက်လာရင် ကူညီဖြတ်တောက်ပေးတာတို့စတဲ့ အောက်ခြေသိမ်း အလုပ်ကလေးတွေ ကူဖော်လောင်ဖက်ရတော့ ရိုက်တဲ့လူတွေ၊ ကူးတဲ့လူတွေ အလုပ်ပိုတွင်တာပေါ့ဟာ၊ ဒီတော့ ဦးဘုန်းနဲ့ ငါလည်း ဆိုင်ရှေ့မှာ နည်းနည်းသက်သာတာပေါ့။ အခု ဒီလောက်အချိန်ရနေတာ ကြည့်ပါလား၊ အရင်တုန်းကလို ဦးဘုန်း မှောင်ခန်းထဲ ဝင်ကူးနေရင် ငါ ဒီလိုအထဲမှာ ကြာကြာနေလို့ မရဘူး။ ကျောင်းဖွင့်ခါနီးရက်တို့ ဘာတို့လိုမျိုးဆိုရင် ရေလည်းဝင်ချိုးလို့ မရတော့ဘူး။ ထမင်းလည်း ဝင်စားလို့ မရတော့ဘူး"

စုထက်က မဆွေမျက်နှာကို ကရုဏာသက်စွာ ငေးမောရင်း–

"မဆွေက တကယ့်ကို လူကြီးတစ်ယောက်ပုံစံမျိုး ဖြစ်နေပြီနော်၊ ဦးတို့ ဒေါ်ဒေါ်တို့ ကုသိုလ်ကောင်းတာပဲ"

"ဖေဖေနဲ့ မေမေပင်ပန်းလာတာလည်း ထည့်ပြောဦးလေဟာ၊ သူတို့ ပျိုးထောင်ခဲ့လို့ မဆွေတို့ ဒီဘဝရောက်ရတာ၊ အခု မဆွေ

mgyee.com

mgyoe.com

ဘယ်သူမှ အချိန်မပုပ်ဘူး။ စီးပွားရေးသမားရော၊ ဝန်ထမ်းရော အားလုံး တက်လို့ရတယ်။ စုထက်တို့အဖွဲ့ထဲမှာ စုထက်နဲ့ ဝါသနာတူတဲ့ ကောင်လေးတစ်ယောက် ရှိသေးတယ်။ ဒီနေ့ သံလျင်ဘုရားတွေ သွားတဲ့ အဖွဲ့ထဲမှာ သူနဲ့စုထက်က ကင်မရာတစ်လုံးစီနဲ့ ဓာတ်ပုံတွေ လျှောက်ရိုက်ကြတာပေါ့"

"ဟုတ်လား သူ့နာမည်က ဘယ်သူလဲ"

"ကောင်းဆက်တဲ့၊ အခု ပန်းအလှဓာတ်ပုံပြပွဲမှာ 'ရွှေရည်ပိတောက်'ဆိုတဲ့ ပုံနဲ့သူက ဒုတိယရတယ်။ အဲဒါ ကျောင်းက စုထက်ရဲ့ သူငယ်ချင်းအသစ်တစ်ယောက်ပေါ့"

❑

သူမကို ပျက်နှာချင်းဆိုင် တွေ့လိုက်ရချိန်မှာတော့ ရဲထွဋ်ခေါင်၏ ဒေါသအစိုင်အခဲတွေ ထက်ဝက်မက လျှော့ကျကျေပျက်သွားတာ အသေအချာဖြစ်သည်။

သူအမြတ်တနိုး စိုက်ပျိုးယုယထားသော ကုမုဒြာကြာပွင့်ကလေးကို ဓာတ်ပုံခိုးရိုက်ခဲ့သော အမျိုးသမီးတစ်ယောက်ဟာ သည်လောက် ငယ်ရွယ်နုနယ်ပြီး အပြစ်ကင်းစင်တဲ့ ကလေးသာသာ ပုံသဏ္ဍာန်မျိုးလေးဟု သူ မထင်မှတ်ခဲ့မိပါချေ။ မိန်းကလေး၏ ပုံသဏ္ဍာန် အနေအထားကိုက ရိုးသားသန့်စင်ပြီး သူရဲ့ ကုမုဒြာကြာပွင့်ဖတ်ကလေးများလို သွယ်နွဲ့နေသည်။

တကယ်တော့ သူ့ထက်ဆယ်နှစ်မျှ ငယ်မည်ထင်ရသော စုစုထက်ဆိုသည့် သည်မိန်းကလေးကို တွေ့ခွင့်ရဖို့အတွက် သူပြခန်းနှင့် ဓာတ်ပုံဆိုင်ကို ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း တစ်ယောက်တည်း တိတ်တိတ်ကလေး ရှာဖွေနေမိခဲ့ပြန်သည်က သူ့ဘက်က

mgyoe.com

မရိုးသားမှုတစ်ခု ကျူးလွန်ရာကျနေခြင်းကို သူ့အတွက က ဖုံးကွယ်နေပုံရသည်။ သူ့အနေနှင့် ပြခန်းတာဝန်ခံထံ ထပ်မံပြီး စုစုထက်အကြောင်း မစုံစမ်းတော့သလို ဝတ်မှုံခတ်ပုံတိုက်သို့လည်း နောက်ထပ် သွားစုံစမ်းဖို့ရာ မာနထားနေမိသည်။

သူဝယ်ထားသော ပြပွဲဒုတိယဆုရ 'ရွှေရည်ပိတောက် ခတ်ပုံကားကို အကြောင်းပြု၍ ပြခန်းတွင် စုစုထက်ဟုထင်ရသူ မိန်းကလေးကို သူ လေ့လာသည်။ 'ဝတ်မှုံ' ခတ်ပုံတိုက်နှင့် မျက်စောင်းထိုး လက်ဖက်ရည်ဆိုင်တွင် ထိုင်ရင်း စုစုထက် အဝင်အထွက်ကို သူအကဲခတ်သည်။

တစ်နေ့မှာတော့ ညနေဘက် ဝတ်မှုံခတ်ပုံတိုက်ထံ ကျောပိုးအိတ်တစ်လုံးနှင့် ကပိုကရို ဝင်သွားသော မိန်းကလေးကို နောက်တစ်ရက်မှာ ပြပွဲတာဝန်ခံ ရုံးခန်းမှာ သူမြင်လိုက်ရပြီး ပြပွဲပြီးလို့ 'ရွှေရည်ပိတောက်' ခတ်ပုံကားကို သူသွားအယူမှာ 'လရိပ်နဲ့ ကုမုဒြာ' ခတ်ပုံကြီးပိုက်ပြီး တက္ကစီတစ်စီးပေါ်တက်သွားသော ပါးလှပ်လှပ်ကလေးမလေးကို သူလှမ်းမြင်လိုက်ရချိန်မှာတော့ စုစုထက်မှန်း သေချာသွားတော့သည်။

ခပ်လှမ်းလှမ်းကသာ တွေ့နေရသော ဆံပင်ကျောလည်လောက်နှင့် ကျောပိုးအိတ်တစ်လုံးကို အစဉ်လွယ်ထားလေ့ရှိသော ကောင်မလေးကို အခုလို ကားမှတ်တိုင်တွင် မျက်နှာချင်းဆိုင် အနီးကပ်ဆုံလိုက်ရတော့ အံ့ဩစရာကောင်းလောက်အောင်ပင် သူ့ရင်ထဲက ညှင်းသက်နူးညံ့စွာ တလှပ်လှပ်ခုန်လာသည်မှာ ထူးဆန်းလွန်း၍ပင် နေတော့သည်။ သူ့တစ်သက်မှာ ဒီလို ဝေဒနာအစပျိုးခြင်းမျိုး မရှိခဲ့ဖူးတာတော့ အမှန်ပင်။

"ဒီမှာ ရဲထွဋ်ခေါင်၊ မင်း ဘာဖြစ်နေတာလဲ။ မင်းမှာ ရင်ခုန်ခွင့် မရှိဘူး၊ မင်းဘဝထဲမှာ 'ခက်ခက်နွယ်'ဆိုတဲ့ မိန်းကလေးတစ်ယောက်

ရှိနေတာကို မေ့မထားနဲ့'' ဟု သူ့ကိုယ်သူ သတိပေးရင်း ကုမုဒြာကြာ တစ်ပွင့်အတွက် အလျော်အစား ပြန်တောင်းရမည့် ဒေါသကြွေးကို ကြိုးစားဖြည့်စွက်ကြည့်ရင်း အားမလိုအားမရနှင့် ခြေကုန် လက်ပန်း ကျသလို မောဟိုက်လာသည်။

''ဘယ်လိုဖြစ်ရတာလဲ ရဲထွဋ်ခေါင်ရယ်''

သူ့ကိုယ်သူ အားမရစွာရေရွတ်ရင်း သူ့ဘေးမှာနီးကပ်စွာ ရပ်နေသည့် မိန်းကလေးဆီ သူ့အကြည့်ရောက်မိပြန်သည်။

ပြင်ဆင်ခြယ်သမှုကင်းသော မျက်နှာဝါဝါလေးနှင့် ပခုံးပေါ်ကို လျှော့ကျနွယ်ဆင်းနေသော ဆံပင်ပျော့ပျော့တို့ကို ဆတ်ခနဲခါရင်းက နဖူးဆံစထဲကို လက်ငါးချောင်းထိုး၍ ဖီးသင်သပ်ချလိုက်သော ကောင်မလေး၏ စတိုင်လ်က ယောကျ်ားလေးတစ်ယောက်ပုံစံမျိုး ဖြစ်ကတတ်ဆန်း နိုင်လှသော်လည်း သူ့မျက်စိထဲ စွဲသွားသည်။ ဘတ်(စ်)ကားလာမည့်ဘက်ကိုသာ မျှော်ပြီး ပတ်ဝန်းကျင်ကို အာရုံရှိပုံမရသော ကောင်မလေးကတော့ သူ့ကို သတိပြုမိပုံမပေါ်။

ရဲထွဋ်ခေါင်၏ဘဝတွင် အလွန်မြတ်နိုးတွယ်တာစရာ ကောင်းသော ကြိုးတစ်မျှင်ကို စတင်တွေ့ရှိ ရစ်ငင်မိခြင်းက သူ၏ ပထမဆုံးသော လွဲချော်မှုတစ်ခုပင် ဖြစ်တော့သည်။

❑

ဝရံတာမှာ နွမ်းခြောက်ကြွေပျက်နေပြီဖြစ်သော ကုမုဒြာပန်းအိုးကလေးကို ငေးရင်း ရဲထွဋ်ခေါင်ရင်ထဲ ဟာနေတော့သည်။

ရက်ပိုင်းအတွင်းမှာ ခံစားမှုတွေကို အံ့ဩစေလောက်အောင် ပြောင်းလဲသွားခြင်းက သူ့ရဲ့ ညံ့ဖျင်းမှုဆိုတာတွေကို အလိုလို သိနေရင်းကပင် သူကျေနပ်စွာ လက်ခံနေမိပြန်သည်။

mgyoe.com

mgyoe.com

လွန်ခဲ့သော သုံးလေးရက်လောက်တုန်းကတော့ သူ့ရဲ့ ကြိုးစားရှာဖွေမှုက လက်စားချေရန် အားတက်သရော ရှိခဲ့သည်။

သူပိုင်အခန်း၏ ဝရန်တာအုတ်ခုံပေါ်မှာ တင်ထားသော သည်ပန်းအိုးကို လှမ်းမြင်ပြီး ဓာတ်ပုံခိုးရိုက်နိုင်သည့် မြင်ကွင်းရှိနိုင်သည့် အခန်းတွေကို သူ အသည်းအသန် မှန်းဆနေခဲ့သည်။ ထိုအခန်းတွေထဲမှ တစ်ယောက်ယောက်သည် သူ့ရန်သူ စုစုထက်ဖြစ်နိုင်သည်ဟု သူ ယူဆမိခဲ့၍ ဖြစ်သည်။ မြို့ပြအိမ်ခြေများ၏ သဘာဝအတိုင်း အေးစက်ထုံထိုင်းသော ခင်မင်ရင်းနှီးမှုများကြားတွင် ပတ်ဝန်းကျင်နှင့် အလှမ်းကွာသော သူ့အတွက် အဖြေမှန်ထွက်ဖို့က ခဲယဉ်းလာသည်။

သူကိုယ်တိုင် နှစ်နှစ်နီးပါး တစ်ကိုယ်တည်းနေပြီး ပတ်ဝန်းကျင်မှ လူနေမှုကို သတိမပြုမိခဲ့ဘဲ ရှိခြင်းကပင် ပတ်ဝန်းကျင်နှင့် သူ၏ အဓိကကွာဟမှုပင် ဖြစ်တော့သည်။ အခုရက်ပိုင်းမှာတော့ သူ့အခန်းဝန်းကျင်မှ လူနေမှုများကို အကဲခတ်လေ့လာကြည့်ခဲ့ပြီး ဖြစ် သည်။

သူနှင့် ဘေးချင်းကပ်လျက် ဝရန်တာတစ်ဆက်တည်းရှိသော အခန်းကတော့ သူ့ပန်းအိုးကို ဓာတ်ပုံရိုက်ယူရန် အလွယ်ကူဆုံးနှင့် အသေချာဆုံးနေရာ ဖြစ်သည်။ သို့သော် ထိုအခန်းသည် လေဖြတ်ထားသော အဘိုးအိုနှင့် ဇနီးသည် အဘွားအိုတစ်ယောက် အိမ်ဖော်မိန်းကလေးတစ်ယောက်သာရှိသော တိတ်ဆိတ်ငြိမ်သက်သည့် အခန်းတစ်ခန်းဖြစ်မှန်း သိလိုက်ရချိန်တွင်တော့ ဖြစ်နိုင်ချေရှိသော စာရင်းမှ သူပယ်ဖျက်လိုက်ရသည်။

လေးထပ်တိုက်၏ ပထမထပ်ထောင့်ခန်းဖြစ်သော သူ့အတွက် မျက်နှာချင်းဆိုင် ခြောက်ထပ်တိုက်မှ သူ့အရှေ့တည့်တည့် ပထမထပ်မှ အခန်းနှစ်ခန်းနှင့် ၄င်းတို့၏အပေါ် ဒုတိယထပ်မှ အခန်းနှစ်ခန်းကိုသာ ထည့်တွက်ရတော့သည်။

mgyoe.com

mgyoe.com

သူနှင့်မျက်နှာချင်းဆိုင်မှ ခြောက်ထပ်တိုက်၏ ပထမထပ်ထောင့်ခန်းနှင့် ၄င်းဘေးမှအခန်းသည် သူ့ပန်းအိုးကို ဓာတ်ပုံလှမ်း ရိုက်၍ရသော အခန်းဖြစ်သည်။ သို့သော် ၄င်းတိုက်သစ်၏ ဖွဲ့စည်းမှုက သူနေသော တိုက်ဟောင်း၏ အခန်းဖွဲ့စည်းမှုမျိုးနှင့် မတူဘဲ အမြင့်ချင်းကွာနေသည့်အတွက် သူ့အခန်းထက် ပိုနိမ့်နေသည်။ သူနေသော လေးထပ်တိုက်နှင့် ရှေ့မှ ခြောက်ထပ်တိုက်သစ်၏ အမြင့်ခြင်း မတိမ်းမယိမ်းရှိနေခြင်းက သူ့အိမ်ပထမထပ်က ရှေ့တိုက်၏ ပတမထပ်ထက် ပိုပြီး သိသိသာသာမြင့်နေစေသည်။

ထို့ကြောင့် သူ့ပန်းအိုးကိုရိုက်လျှင် အောက်ခြေမှသော်လည်း၊ ဘေးမှသော်လည်း ရိုက်ရမည့်မြင်ကွင်း ဖြစ်သည်ဟု သူယူဆဖြစ်သည်။ ဓာတ်ပုံအကြောင်း၊ ကင်မရာအကြောင်း၊ သူကျွမ်းကျွမ်းကျင်ကျင် မသိသော်လည်း အရှေ့မျက်နှာချင်းဆိုင် နှစ်ခန်းက ရိုက်သောပုံ မဖြစ်နိုင်ဟု သူ့စိတ်ထဲမှာ အလိုလို ထင်နေသည်။ ပြီးတော့ ထိုအခန်းတွေကို ဂရုစိုက်ကြည့်မိသော်လည်း အပျော်တမ်း ဓာတ်ပုံဝါသနာပါပြီး ရိုက်နိုင်လောက်သူ အရွယ်အစား မိန်းကလေးမျိုး အရိပ်အရောင်မျှ သူ မမြင်မိသဖြင့် မျက်နှာချင်းဆိုင် ဒုတိယထပ်မှ အခန်းနှစ်ခန်းကို သူ ပိုမိုစိတ်ဝင်စားနေမိသည်။

ပြပွဲတင်ထားသော ဓာတ်ပုံ၏ အနေအထားအရ ငွားငွားစွင့်စွင့် ပွင့်နေသော ကြာပွင့်ကို အပေါ်စီးမှ ရိုက်ယူထားသော အယူအဆနှင့် အလှပဆုံး အနေအထားက ရိုက်ကွင်းကို ပိုမို သေချာစေသည်ဟု သူဆုံးဖြတ်လိုက်သည်။ နေရာချင်း အနည်းငယ် ကွာလှမ်းသော်လည်း တယ်လီနှင့် ဆွဲရိုက်၍ လိုအပ်သလို ချိန်ဆနိုင်သည့်အတွက် ထိုနှစ်ခန်းကို သူအဓိကထား၍ စုစုထက်ကို ရှာခဲ့မိသည်။ ညသန်းခေါင်သန်းလွဲမှာ ရိုက်ယူရသည့်ပုံ ဖြစ်သောကြောင့် ထိုနှစ်ခန်းအနက် တစ်ခန်းမှာ စုစုထက် နေရလိမ့်မည်ဟု သူ အသေအချာတွက်ထားခဲ့မိသည်။

mgyoe.com

mgyoe.com

သို့သော် သူသတိပြုမိသည့်အချိန်မှစ၍ ဒုတိယထပ်ထောင့်ခန်း၏ တံခါးချပ်များက ထာဝရပိတ်ထားပြီး လူနေအရိပ်အရောင်လုံးဝမမြင်ရဘဲ၊ ဘေးကပ်လျက် အခန်းတွင်တော့ အသက်လေးဆယ်ကျော်အရွယ် ဇနီးမောင်နှံနှင့် ကလေးသုံးယောက်ရှိနေကြောင်း သူသတိပြုမိသည်။ ပထမတော့ ထိုအိမ်ရှင်မကိုပင် စုစုထက်လားလို့ သူ မရေမရာ တွေးမိလိုက်သေးသည်။

ယခု အမှန်တကယ် သူရှာဖွေနေသော စုစုထက်ဆိုသည့် မိန်းကလေးကို သူ အသေအချာ သိလိုက်ရသော အချိန်တွင်တော့ သူ့ရဲ့ ကြိုးစားထားရှမှုများ အားလုံးက သဲထဲရေသွန်သလို ဖြစ်သွားရသည်။ ဒါကိုပင် သူက ကျေနပ်နှစ်သက်စွာ ခံစားနေမိပြန်သည်။ ဝရံတာပေါ်က နွမ်းခြောက်ကြွေပျက်နေပြီဖြစ်သော ကုမုဒြာပွင့်ခြောက်နှင့် ပန်းအိုးကလေးကိုကြည့်ရင်း သူ့ရင်ထဲမှာ ညည်းညူမိလိုက်သည်။

"ခက်လိုက်တာ ကလေးရယ်၊ ကိုယ့်ကို မင်း ဘယ်လိုများ ပြုစားလိုက်တာလဲကွာ"

*

mgyoe.com

mgyoe.com

စားသောက်ဖွယ်တွေက စုံလင်နေသည်။

ကုန်းဘောင်ကြီးကြော်၊ ကြက်ကြွပ်ကြော်၊ အစိမ်းကြော်၊ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ ယိုးဒယားဟင်းချို၊ ပြည်ကြီးငါးနှင့် ကုဆိုင်၊ မှိုကန်စွန်းရွက်။

"ဟ… များလှချည်လား ကောင်ရ၊ အဲဒီလောက် အများကြီး ဘယ်လိုလုပ်ကုန်မှာလဲ"

"စားမှာသာ စားစမ်းပါ၊ တို့အဖွဲ့ထဲမှာ ဗိုက်အိုးကြီးတဲ့ကောင်တွေ ပါတယ်လေဟာ။ တော်ကြာ လောက်တောင်လောက်မှာ မဟုတ်ဘူး။ ဒါတွေက ဝက်လွတ်တွေ ဝက်မစားတဲ့ နင်တို့ဖို့၊ တော်ကြာ ဝတ်သားပေါင်းနဲ့ နံရိုးကြော် လာလိမ့်ဦးမယ် ဟိုတရုတ်ပုပ်က ဝက်မပါရင် မျိုမကျလို့"

ကောင်းဆက်၏ စကားကြောင့် စုစုထက်တို့ ဗိုက်ပူပူ မျက်နှာပြည့်ပြည့် အသားဖြူဖြူနှင့် တရုတ်ပုံပေါက်နေသော မြင့်ဦးကို လှမ်းကြည့်လိုက်ကြသည်။ မြင့်ဦးက စပ်ဖြဲဖြဲမျက်နှာနှင့် သူတို့ကို အစွမ်းကုန်ပြထားသော ပါးစပ်နားတွင် လက်ဖဝါးတစ်ဖက်ကို လှုပ်ခတ်ရင်း …

"ဟုတ်တယ် ငါက ဝက်သားဆို တအားကြိုက်၊ အကောင်သေးရင် မောင်းသွင်းတယ် ဟောသည်လို လာ… လာ… လာ… ဆိုပြီး"

mgyoe.com

မြင့်ဦး၏ ပုံကိုကြည့်ပြီး အားလုံး ဝိုင်းရယ်လိုက်ကြသည်။ မျက်ခုံးထူထူ အသားညိုညိုနှင့် ချောကလျာတစ်ယောက်သာ နှာခေါင်းရှုံ့ရင်း...

"ဟင်း... ရွံစရာကောင်းလိုက်တာ"ဆိုတော့ မြင့်ဦးက-

"ဟာ... ဘွာတေး ဘွာတေး ငါ့ကလည်း ကုလားမရှေ့မှာမှ ဝက်အကြောင်း ပြောမိတယ်။ ဘာဖြစ်တယ် သွားရည်ကျတယ် ဟုတ်လား၊ မစားပါနဲ့ အမိနာရယ် ဇာတ်ပျက်သွားပါဦးမယ်" အသားညိုပြီး ကုလားဆင်လေးချောသော ချောကလျာကို သူတို့က ကုလားမဟု အပြောင်အပျက် ခေါ်ကြသည်။

"ဟင်... မျက်နှာရူး၊ သွားရည်ကျလို့ ပြောတာ မဟုတ်ဘူးဟေ့။ နင့်ပါးစပ်ထဲကို ဝက်ကလေးက အီးအီးတွေ ပါချမှာစိုးလို့ ရွံစရာကြီးလို့ ပြောတာ တရုတ်ပုပ်ရဲ့"

"ငါ့ပါးစပ်ထဲ ဝက်အီးပါမှာ နင်က ဘာလို့ စိုးရိမ်ရတာလဲ"

"ရွံစရာကောင်းလို့ပေါ့ဟဲ့"

"ရွံခြင်းရွံ ပါးစပ်ထဲ အီးအီးဝင် ငါက ရွံရမှာ၊ နင်က ဘာလို့ ငါ့အစား ရွံပေးနေရတာလဲ"

"ကြားရတာနဲ့တင် ရွံချင်လို့ ရွံတာဟာ ဘာဖြစ်လဲ"

"ဟေ... ကုလားမ အဲဒီလို မရမ်းနဲ့။ ပြော... ဆက်ပြော နင်က ငါ့ကို ဘာလို့ အဲဒီလောက် ဂရုစိုက်နေရတာလဲ၊ ငါ့ပါးစပ်ထဲက ဝက်အီးက နင့်ပါးစပ်ထဲ ရောက်လာမှာမို့လို့လား" ဆိုတော့ ချောကလျာ ရှူးရှူးရှားရှားနှင့် မြင့်ဦးကို တစ်စုံတစ်ရာ ရန်ပြုချင်ပုံဖြစ်နေတာကို အားလုံးက ဝိုင်းရယ်ကြသည်။

"ဟား... ဟား... ဟား... ကုလားမ သူ့စကားနဲ့ သူမိသွားပြီ"

mgyoe.com

mgyoe.com

တွေ့ကြတာ နှစ်ပိုင်းပဲ ရှိသေးပေမယ့် သူတို့အုပ်စုက ပျော်စရာကောင်းသည်။ စိတ်တူကိုယ်တူ ပျော်တတ်သူချင်းမို့ နိုင်ငံခြားဘာသာသင်သိပ္ပံမှာ လာတွဲမိနေကြခြင်း ဖြစ်သည်။

“ကဲပါကွာ စကားလည်း ပြော စားလည်း စားကြဦး၊ မင်းတို့ကို ငါနောက် ဒါမျိုးကျွေးနိုင်ဖို့ မလွယ်ဘူးနော်၊ အခုတောင် ပြိုင်ပွဲဆုရတာနဲ့ ပြိုင်ပွဲဓာတ်ပုံရောင်းရတာနဲ့မို့ ကျွေးနိုင်တာ”

“ကျေးဇူးတင်ပါတယ် ကျေးဇူးရှင်လေးရယ်၊ ကျေးဇူးကြီးပါပေတယ်။ နောက်နောင်လဲ ဒီလိုပဲ ဆုတွေရပြီးတော့၊ ငွေတွေဝင်ပြီးတော့ အပေါင်းအသင်းတွေကို ကျွေးမွေးပြုစုနိုင်ပါစေ”

“ရွှေရည်ပိတောက်ရဲ့ အောင်ပွဲမျိုး အကြိမ်တစ်ရာမက ဆွတ်ခူးနိုင်ပါစေ”

“ငါတို့ရဲ့ အချစ်ဆုံး သူငယ်ချင်းကြီး သူတော်ကောင်းကြီး မောင်ကောင်းဆက် ကောင်မလေး ချောချောလေးနဲ့ အမြန်ဆုံးတွေ့ပါစေ”

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ဆုတောင်းအပြီးမှာ ကောင်းဆက်က–

“ကောင်မလေးချောချောနဲ့ တွေ့လို့ ဘာလုပ်ရမှာလဲဟ၊ တွေ့ရုံတွေ့တာကတော့ နေ့တိုင်းတွေ့နေတာပဲ။ လမ်းပေါ်မှာ၊ ကားပေါ်မှာ၊ ကားဂိတ်မှာ၊ လမ်းထိပ်မှာ၊ ကျောင်းဝင်းထဲမှာ ကောင်မလေးမှန်သမျှ အကုန်ချောတယ်”

“အေးလေ တွေ့ရ တော်ရောပေါ့၊ ကိုယ်သွားလေရာမှာ ကိုယ့်မျက်စိရှေ့ ကောင်မလေးချောချောလေးတွေ မြင်နေရတာ စိတ်ချမ်းသာစရာ မကောင်းဘူးလား”

mgyoe.com

mgyoe.com

"ခွေးကောင် ချစ်တီး၊ မင်းပဲ ရောက်ရာအရပ်မှာ ခေါ်တော တစ်ထောင်အားနဲ့ တွေ့သမျှ လျှောက်ငမ်းနေ။ ဒါကြောင့် တဖြည်းဖြည်းနဲ့ မျက်လုံးကြီးလည်း ပြူးပြူးလိုက်လာပြီ"

ကပ်စေးနဲ့ပြီး စေ့စပ်ကာ မိန်းမလှကလေးများကို သဘောကျတတ်သော အသားညိုညို မျက်လုံးပြူးပြူးနှင့် ခင်မောင်ဦးကို သူတို့အုပ်စုက ချစ်တီးဟု နာမည်ပေးထားသည်။

"ငါက အကောင်းလည်း ပြောရသေးတယ်၊ ဒါဆိုရင် မင်းက ဘာဖြစ်ချင်လဲပြော"

"ငါ သဘောကျတဲ့ ကောင်မလေးချောချောလေးနဲ့ ချစ်သူဖြစ်ပြီး တစ်သက်လုံး အတူနေရပါစေလို့ ဆုတောင်းပေး"

"လောဘကလည်း ကြီးလှချည်လားကွာ။ မင်းသဘောကျတဲ့ ကောင်မလေးက ချောချောလေးလည်း ဖြစ်ရဦးမယ်၊ သူကလည်း ပြန်ချစ်ရဦးမယ်၊ တစ်သက်လုံးလည်း အတူနေချင်သေးတယ်။ နည်းနည်းလောက် လျှော့ပါလားကွာ၊ နမ်းခမ်းလောက်လှရင် မဖြစ်ဘူးလား" ဆိုပြီး သူတို့အုပ်စုထဲက ပုပုဝဝ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးမှေးမှေးနှင့် ရှမ်းတရုတ်မကလေး နမ်းခမ်းကို လှမ်းစတော့ နမ်းခမ်းက စကားဝဲဝဲနှင့်…

"ငါ့နဲ့ ဘာဆိုင်လို့လဲ၊ ငါ့နဲ့ဘာဆိုင်လို့လဲ"

စကားဝဲဝဲ ဒေါသဖြင့် အသံတုန်တုန်နှင့် လှမ်းငေါက်ပြီး မဲ့ခြောက်ကလေးတွေ ပြည့်နေသော ပါးအိုးကြီး ရဲသွားပုံကို ကြည့်ကာ ရယ်ကြပြန်သည်။

"နမ်းခမ်းက ငါ့နှမလေ ယောက်ဖရဲ့" ဟု ကောင်းဆက်က ပြန်ပြောလိုက်တော့ နမ်းခမ်း ပိုရှက်သွားပုံကို ကြည့်ကာ အားလုံး "ဝါး"ခနဲ ပွဲကျသွားသည်။

mgyoe.com

mgyoe.com

"ငါ့ကိုသာ မင်းတို့က ချစ်တီး ချစ်တီးနဲ့ ကပ်စေးနှဲတဲ့ကောင်လို့ ပြောကြတာ၊ ဒီအဖွဲ့ထဲမှာ ငါ့ထက် ကပ်စေးနှဲတဲ့ လူရှိတာကိုကျတော့ မင်းတို့မျက်နှာလိုက်ပြီး မသိချင်ဟန်ဆောင်နေကြတယ်"

ခင်မောင်ဦးစကားကြောင့် သူတို့အားလုံး တစ်ယောက် မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဘယ်သူလဲကွ၊ ချစ်တီးထက် ကပ်စေးနှဲတာ"

မြင့်ဦးက မိန်းကလေးတွေဘက် လှည့်ပြီး မေးလိုက်တော့ မိန်းကလေးသုံးယောက်ကလည်း ချစ်တီးမျက်နှာ ပြန်ကြည့်ရင်း အဖြေရှာကြသည်။

"ငါက ဝန်ထမ်းမို့လို့၊ လခစားမို့လို့ ငါ့လခနဲ့ ငါလောက်အောင်သုံးနေရလို့ ကပ်စေးနှဲရတာကွ၊ ကောင်းဆက်ဆိုလည်းကြည့် မြင့်ဦးတို့ နမ်းခမ်းတို့လို သူဌေးသားသမီး မဟုတ်ပေမယ့်…

"နင်တို့ဟာ နင်တို့ပြော၊ ငါ့ထည့်မပြောနဲ့၊ ဘာသူဌေးသားသမီးလဲ"ဟု နမ်းခမ်းက အရှိန်မပြေသေးဘဲ စကားတစ်ဝက်တစ်ပျက်နဲ့ဝင် ရန်ထောင်နေ၍ ချစ်တီးက-

"ဟောဒီ… ရှမ်းပုပ်မကလည်း အရေးထဲ"

"ဟေ့ကောင် ဆက်ပြောကွာ"

မြင့်ဦးက လှမ်းပြောလိုက်မှ-

"အေး… ကောင်းဆက်တောင် အခုကြည့် တို့ကို ဘယ်ကပိုက်ဆံနဲ့ ကျွေးတာလဲ၊ ပြပွဲမှာ ဒုတိယရတဲ့ ဓာတ်ပုံကိုရောင်းပြီး ကျွေးတာဟ၊ သူငယ်ချင်းတွေကို စေတနာရှိလွန်းလို့။ တချို့ဆို ပထမရတာတောင် ကျွေးရမှာစိုးလို့ ငြိမ်နေတာ၊ ပိုက်ဆံရှိရင် ကျွေးလိုက်ရလို့ ကုန်သွားမှာစိုးပြီး သူများလုဝယ်တာတောင် မရောင်းတဲ့လူကရှိသေးတယ်။ စေတနာတွေက အဲဒီလိုကွာတာဟ"ဟုဆိုတော့မှ စုထက်က သူ့ကိုပြောနေမှန်း သိလိုက်သည်။

mgyoe.com

"အဲဒီလိုတော့ မပြောပါနဲ့ဟယ်၊ နင်တို့ကလဲ"

"ပါပြန်ပြီ ဒီရှမ်းပုပ်မ၊ နင့်ပြောလို့လား စုထက်ကို ပြောနေတာ နင်အသာနေ"ဆိုတော့ နမ်းခမ်း ဇက်ကလေးပုကာ ငြိမ်သွားသည်။ စုထက်က သူတို့အားလုံးကို ကြည့်ကာ-

"ဒါက ဒီလိုရှိတယ်" ဆိုပြီး စကားမဆက်သေးဘဲနေတော့ ချစ်တီးက-

"ဟိုဟာကတော့ ဟိုလိုမရှိဘူး မဟုတ်လား"ဟု ဝင်နောက်တော့…

"တော်ပြီဟာ မပြောတော့ဘူး၊ နင်တို့က စကားကောင်းပြောလို့ရတဲ့ကောင်တွေ မဟုတ်ဘူး"

"ဟုတ်သားပဲ ချစ်တီးနော်၊ နင်အတော်ရွှင်နေ သူများပြောတာတော့ နားမထောင်ဘူး။ သူပဲ ဒိုင်ခံပြောနေတာပဲ"ဟု ချောကလျာက ဝင်ဟန့်လိုက်တော့-

"ကဲ… မနောက်တော့ဘူး ပြော… ပြော…"ဆိုတော့မှ စုထက်က ဆက်ပြောသည်။

"ငါလဲ ရောင်းချင်တာပေါ့ဟာ။ ဒါပေမဲ့ အဲဒီပုံက ရောင်းစားလို့ မကောင်းဘူးဟ၊ အဲဒီပုံကိုသာ ရောင်းစားလိုက်ရင် ငါ့ကိုယ်ကျင့်တရားကို ထိခိုက်သွားနိုင်တယ်။ ဒါကြောင့် အဲဒီပုံကြီးတင် မကဘူး P.C ပုံလေးတွေပါ ငါကူးမရောင်းခဲ့တာပေါ့"

"ဘာဖြစ်လို့လဲ၊ ကိုယ့်ဓာတ်ပုံကိုယ် ရောင်းတာပဲဟာ"

"ကိုယ့်ဓာတ်ပုံမှန်ပေမယ့် အဲဒီပုံကို ငါပိုင်ရှင်မသိဘဲ ရိုက်ခဲ့တာ"

"ဘယ်လို"

"ဟုတ်တယ်၊ အဲဒီပန်းကို ပိုင်ရှင်တွေ အိပ်ပျော်နေတဲ့အချိန်မှာ ငါ ရိုက်ယူခဲ့တာ"

mgyoe.com